Message Four

## ပေတရု၏သြဝါဒစာစောင်များ၌ရှိသော ကျေးဇူးတော်

ဖတ်ရန်ကျမ်း။ ။ ၁ပေ၊၁း၂၁၊ ၁၀၊ ၁၃။ ၂း၁၉-၂၀။ ၃း၇။ ၄း၁၀။ ၅း၅၊ ၁၀၊ ၁၂။ ၂ပေ၊၁း၂။ ၃း၁၈

**I. ကျေးဇူးတော်သည် ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြစ်ပြီး၊ အသက်ပေးသော ဝိညာဉ်တော်အဖြစ် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံသို့ အခမဲ့ပေးအပ်ခြင်း၊ ကျွန်ုပ်တို့ထံ အရာခပ်သိမ်းဖြစ်ခြင်း၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့မှတစ်ဆင့် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ရာအဖို့ အရာခပ်သိမ်းလုပ်ဆောင်ခြင်းဖြစ်သည် -ယော၊၁း၁၄၊ ၁၆-၁၇။ ၂ကော၊၁း၈-၉၊ ၁၂။ ဂလ၊၂း၂၀။ ညွှန်း၊ ၁ကော၊၁၅း၁၀။**

**II. ကျေးဇူးတော်၏ တိုးပွားများပြားခြင်းမှာ ဘုရားသခင်ကိုလည်းကောင်း၊ ကျွန်ုပ်တို့၏ သခင်ယေရှုကိုလည်းကောင်း ပြည့်ဝစွာ သိကျွမ်းခြင်း၌ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် တိုးပွားများပြားလာသော ကျေးဇူးတော်ဖြစ်သည်။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ ကျေးဇူးတော်သည် ကြွယ်ဝခြင်း၊ တိုးပွားများပြားခြင်း၊ ပေါများကြွယ်ဝခြင်း ရှိသည် - ၁ပေ၊၁း၂။ ၂ပေ၊ ၁း၂။ ယော၊၁း၁၆။ ဧ၊၁း၆-၈။ ၂း၇။ ရော၊၅း၁၇၊ ၂၁။ ၁တိ၊၁း၁၄။ ဗျာ၊၂၂း၂၁။**

A. ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဒုက္ခဆင်းရဲခံခြင်းများ၊ ကန့်သတ်ခံရခြင်းများနှင့် အားနည်းခြင်းများမှတစ်ဆင့် ကျွန်ုပ်တို့ထံ တိုးပွားများပြားလာသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဝန်တာထမ်းဆောင်သူအဖြစ် ခရစ်တော်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဝန်တာများလေလေ၊ ခရစ်တော်ကို ကျေးဇူးတော်အဖြစ် ကျွန်ုပ်တို့တွေ့ကြုံခံစားရန် အခွင့်အရေးပို၍ ရှိလေလေဖြစ်သည် - ၂ကော၊၁၂း၇-၉။ ညွှန်း၊ ၁း၁၂၊ ၁၅။

B. သခင်ဘုရားကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကိုယ်တော်ကို ချစ်သောသူများနှင့်အတူရှိသည် - ဧ၊ ၆း၂၄။ ယော၊၂၁း၁၅-၁၇။ ၁ပေ၊၁း၈။

C. သခင်ဘုရားကို ကျေးဇူးတော်အဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းမှာ ကျွန်ုပ်တို့က ကိုယ်တော်၏ ကျေးဇူးတော်စကားကို လက်ခံရရှိခြင်းနှင့် ၎င်း၌ တည်နေခြင်းအားဖြင့် ကိုယ်တော်၏ဘုရားဆိုင်ရာသဘောသဘာဝနှင့်အတူ ရှိသည်၊ ယင်းမှာ ကိုယ်တော်၏ အဖိုးထိုက်တန်သော၊ အလွန်အမင်း ကြီးမားလှသော ကတိတော်များအားလုံး ပါဝင်သည် - တ၊၂၀း၃၂။ ၂ပေ၊ ၁း၄။ ဧ၊၆း၁၇-၁၈။

**III. ဓမ္မဟောင်းရှိ ပရောဖက်များက ကျွန်ုပ်တို့ထံသို့ ရောက်လာမည့် ကျေးဇူးတော်နှင့်စပ်လျဉ်း၍ ပရောဖက်ပြုခဲ့ကြသည် - ၁ပေ၊ ၁း၁၀။**

A. ဓမ္မဟောင်း ပရောဖက်များ၌ရှိသော ခရစ်တော်၏ဝိညာဉ်တော်သည် သူတို့အား ခရစ်တော်သည် ကျွန်ုပ်တို့ထံ ကျေးဇူးတော် အဖြစ် ကိုယ်တော်၏ လူ့ဇာတိခံခြင်းမှတစ်ဆင့် ကြွလာခြင်း၊ ကိုယ်တော်၏လူသားအသက်ရှင်ခြင်းနှင့် ကားတိုင်ပေါ်အသေ ခံခြင်း၌ ဆင်းရဲဒုက္ခခံရခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော် ဘုန်းထင်ရှားခြင်း၊ တက်ကြွခြင်း၊ ဒုတိယအကြိမ် ကြွလာ ခြင်းနှင့် ကျွန်ုပ်တို့ထံ ဘုရားသခင်၏ ပြည့်စုံသော ကယ်တင်ခြင်းကို ယူဆောင်လျှောက်လှမ်းခြင်းအတွက် စိုးစံခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှု ရှိစေခဲ့သည် - အငယ်၊၅၊ ၉-၁၀။ ညွှန်း၊ ဆာ၊၂၂။ ဟေရှာ၊၅၃။ ဒံ၊၉း၂၆။

B. ခရစ်တော်၏ ဝိညာဉ်တော်သည် ဓမ္မသစ်အချိန်ကာလ၌ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့်၊ ၎င်းနှင့်အတူ ခေတ်ကာလဆိုင်ရာအရ စေ့စပ်ထုံးဖွဲ့ခဲ့သော်လည်း (ယော၊၇း၃၉။ ရော၊၈း၉-၁၁)၊ ဝိညာဉ်တော်၏ လုပ်ဆောင် ချက်သည် ထာဝရဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ထာဝရဝိညာဉ်တော် ဖြစ်သောကြောင့်တည်း (ဟေဗြဲ၊၉း၁၄)။

C. ကိုယ်တော်၏ ထာဝရလုပ်ဆောင်ချက်၌ ခရစ်တော်၏ ဝိညာဉ်တော်သည် ဓမ္မဟောင်း ပရောဖက်များ၌ရှိကာ၊ ခရစ်တော် သည် ဓမ္မသစ်ယုံကြည်သူများထံ သူတို့အဖို့ ဘုရားသခင့် ပြည့်ဝစွာ ကယ်တင်ခြင်း၏ အရာအားလုံးပါဝင်သော၊ အကန့် အသတ်မဲ့သော ကျေးဇူးတော်ဖြစ်ရန် ကြွလာခြင်းဖြင့် သူတို့စိတ်များကို ကယ်တင်ခြင်းဖြစ်သည့် နိုင်ငံတော်ခေတ်၌ သခင် ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်စေခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမှုရှိစေခဲ့သည် - ယော၊၁း၁၇။ ဟေဗြဲ၊၁၀း၂၉။ ၁ပေ၊၁း၉။ မ၊၂၅း၂၁၊ ၂၃။

D. ခရစ်တော်၏ ဝိညာဉ်တော်က ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်းကို တန်ဆာပလာနှစ်ခုဖြင့် ကျွန်ုပ်တို့ထံ ကျေးဇူးတော်အဖြစ် ယူဆောင်ပေးသည်၊ ယင်းတို့မှာ ဓမ္မဟောင်း ပရောဖက်များ၏ ပရောဖက်ပြုခြင်းနှင့် ဓမ္မသစ် တမန်တော်များ၏ ဟောပြောဝေငှခြင်းတို့အားဖြင့် ဖြစ်သည် - ၁ပေ၊၁း၁၀-၁၂။ ညွှန်း၊ ဗျာ၊၂း၇က။

**IV. ယုံကြည်သူများက မိမိတို့၏ မျှော်လင့်ခြင်းကို စုံလင်စွာ ထားရှိကြသည့် ကျေးဇူးတော်သည် ယေရှုခရစ် ပေါ်ထွန်းဖွင့်ပြခြင်း၌ သူတို့ထံ ယူဆောင်လာခြင်း ရှိလိမ့်မည်ဖြစ်သည် - ၁ပေ၊၁း၁၃။**

A. ယေရှုခရစ် ပေါ်ထွန်းဖွင့်ပြခြင်း၌ ကျွန်ုပ်တို့ထံ ယူဆောင်လာသည့် ကျေးဇူးတော်သည် ဘုရားသခင်၏ ပြည့်စုံသော ကယ်တင်ခြင်း ပြီးမြောက်ပြည့်စုံခြင်းအဖြစ် စိတ်ကို ကယ်တင်ခြင်းအား ရည်ညွှန်းသည် - အငယ်၊၅၊ ၉-၁၀။

1. ခရစ်တော်၌ ကျွန်ုပ်တို့ထံ ပေးထားခဲ့သည့် ကျေးဇူးတော်သည် ကမ္ဘာမတည်မရှိမီကပင် ကျွန်ုပ်တို့ကို မစပေးအပ်ထားပြီးသားဖြစ်သည် - ၂တိ၊၁း၉။ တိတု၊၂း၁၁။
2. အစအဦးကပင်ရှိခဲ့သော ဘုရားသခင်သည် အချိန်၌ အသွေးအသားဖြစ်လာကာ၊ လူက လက်ခံရယူရန်၊ ပိုင်ဆိုင်ရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်အတွက် ကျေးဇူးတော်အဖြစ် ကြွလာခဲ့သည် - ယော၊၁း၁၊ ၁၄၊ ၁၆-၁၇။
3. အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားသည် အရာအားလုံးပါဝင်သော၊ အသက်ပေးသော၊ ကိန်းဝပ်နေသော ဝိညာဉ်တော်ဖြစ်လာခဲ့ကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူရှိသည့် ကျေးဇူးတော်၏ဝိညာဉ်တော် ဖြစ်လာခဲ့သည် - ၁ကော ၁၅း၄၅ခ။ ၂ကော၊၃း၁၇။ ဟေဗြဲ၊၁၀း၂၉ခ။ ဂလ၊၆း၁၈။ ဖိ၊၄း၂၃။

B. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို စဉ်ဆက်မပြတ် လက်ခံရရှိသူများဖြစ်ရန် ဖွင့်ထားသောထည့်စရာများဖြစ်၍၊ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကို ဤကျေးဇူးတော်ပေါ်တွင် လုံးလုံးအပြည့်အဝနှင့် စုံလင်စွာ ထားရှိရမည်ဖြစ်သည် - ရော၊၅း၁၇။ ၁ပေ၊၁း၁၃။

**V. ၁ပေတရု ၂း၁၉-၂၀ ရှိ *ဘုရားသခင်နှင့်အတူရှိသော ကျေးဇူးတော်* ဟူသည်မှာ ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်၏ လှုံ့ဆော်အားပေးမှုနှင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း၌ ၎င်း၏ထင်ရှားခြင်းကို ရည်ညွှန်းကာ၊ ယင်းသည် ကျွန်ုပ်တို့၏အပြုအမူ၌ လူနှင့် ဘုရားသခင် နှစ်ဦးလုံး၏အမြင်တွင် ဘုန်းတင့်တယ်ခြင်းနှင့် လက်ခံဖွယ်ရာဖြစ်ခြင်း ရှိလာလေသည်။**

A. ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်မှုအတွက် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရားဖြစ်သည့် ကျေးဇူးတော်သည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ မိတ်သဟာယဖွဲ့ခြင်းနှင့် ဘုရားသခင်ကို ကျွန်ုပ်တို့သိရှိလာခြင်း၌ အတွင်းပိုင်း လှုံ့ဆော်မှုနှင့် အပြင်ပိုင်းထင်ရှားခြင်း ဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် ကျေးဇူးတော်ကို မည်သို့လက်ခံရယူရမည်၊ ကျေးဇူးတော်ကို ရယူခြင်း၊ ကျေးဇူးတော်ကို အသုံးပြုခြင်းနှင့် ကျေးဇူးတော်ကို ယူဆောင်လျှောက်လှမ်းခြင်း ပြုရမည့်အကြောင်းကို သင်ယူရမည်ဖြစ်သည် - ဟေဗြဲ၊၁၂း၂၈။

B. ကျွန်ုပ်တို့ လက်ခံရရှိရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန် ကျေးဇူးတော်အဖြစ် အဆင့်ဆင့်ဖြတ်ကျော်သည့် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏သန့်ရှင်းသော အသက်ရှင်ခြင်းနှင့် အသင်းတော်စည်းဝေးခြင်းများ၌ အခြားသူများအဖို့ မြင်သာစွာ ထင်ရှားခြင်း ရှိလာခဲ့သည် - တ၊၁၁း၂၃။

C. ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲများအလယ်၌ ခရစ်တော်ကို ကျေးဇူးတော်အဖြစ် မွေ့လျော်ရန်နှင့် ထင်ရှားရန် ခေါ်ခြင်းခံရကြပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စံနမူနာဖြစ်သည့် ကိုယ်တော်၏ဘုရား-လူအသက်ရှင်ခြင်းအတိုင်း ခရစ်တော်၏ မူပွားထုတ်လုပ်ခြင်း၊ မိတ္တူပွားထုတ်လုပ်ခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် - ၁ပေ၊၂း၂၀-၂၁။

**VI. အသက်၏ ကျေးဇူးတော်သည် သန်စွမ်းသူဖြစ်စေ အားနည်းသူဖြစ်စေ ယုံကြည်သူအားလုံး၏ အမွေခံရာဖြစ်သည် - ၃း၇။**

A. အသက်၏ကျေးဇူးတော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ ကျွန်ုပ်တို့ထံ အသက်နှင့်အသက်မစရာ ဖြစ်သည့် ဘုရားသခင်ဖြစ်သည် - အသက်၏အရင်းအမြစ်ဖြစ်သော ခမည်းတော်၊ အသက်၏လမ်းကြောင်းဖြစ်သော သားတော်နှင့် ကျွန်ုပ်တို့အတွင်း၌ သားတော်နှင့် ခမည်းတော်ဖြင့် ကျေးဇူးတော်အဖြစ် စီးဆင်းနေသော အသက်၏ စီးဆင်းခြင်းအဖြစ် ဝိညာဉ်တော်ဖြစ်သည် - ၁ယော၊၅း၁၁-၁၂။ ယော၊၇း၃၈-၃၉။ ဗျာ၊၂၂း၁။

B. ကျွန်ုပ်တို့သည် အသက်၏ကျေးဇူးတော်ကို အမွေရမည့် အမွေခံများနှင့် အသက်၏ကျေးဇူးတော်ကို ထည့်ဝင်ခံမည့် ထည့်စရာများဖြစ်ကြသည် - ၁ပေ၊၃း၇။ ဧ၊၁း၁၄။ ၂ကော၊၄း၇။

**VII. ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်သည် သန့်ရှင်းသူများက အချင်းချင်းထံ အမှုဆောင်ကြသည့် အမျိုးမျိုးသော ဘုရားသခင်၏ကျေးဇူးတော် ကြွယ်ဝခြင်းများကို ရည်ညွှန်းသည် - ၁ပေ၊၄း၁၀။**

A. ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်သည် အသက်၏ကြွယ်ဝသော မစမှုဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့အထဲသို့ သွင်ပြင်များစွာ၌ အမှုဆောင်ပေးသည့် သုံးပါးတစ်ပါးဘုရားဖြစ်သည် - ၂ကော၊၁၃း၁၄။ ၁၂း၉။

B. ကျွန်ုပ်တို့သည် ဘုရားသခင်၏အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ကောင်းသောဘဏ္ဍာစိုးများဖြစ်ကာ၊ ကျေးဇူးတော်စကားကို ဘုရားသခင်၏ဗျာဒိတ်တော်များအဖြစ် ဟောပြော၍၊ ဘုရားသခင်မစခြင်းဖြစ်သော ကျေးဇူးတော်၏ ခွန်အားနှင့် တန်ခိုးကို အမှုဆောင်ရွက်ရန် လိုအပ်သည် - ၁ပေ၊၄း၁၀-၁၁။ လု၊၄း၂၂။ ဧ၊၃း၂။ ၄း၂၉။

**VIII. ဘုရားသခင်သည် နှိမ့်ချသောသူတို့ကို ကျေးဇူးတော်ပေး၍၊ ထောင်လွှားသူတို့ကို ဆီးတားတော်မူသည် - ၁ပေ၊၅း၅။**

A. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အားလုံးသည် အချင်းချင်းထံသို့ နှိမ့်ချခြင်းဖြင့် မိမိတို့ကိုယ်ကို ခါးပန်းစည်းထားကြရမည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေးဇူးတော်ပေးဝေသူအဖြစ် မွေ့လျော်နိုင်မည်ဖြစ်သည် - ညွှန်း၊ ယော၊ ၁၃း၃-၅။

B. နှိမ့်ချခြင်းသည် ကျွန်ုပ်တို့ကို ပျက်စီးခြင်းအမျိုးမျိုးမှ ကယ်တင်ပေးကာ၊ ဘုရားသခင်၏ ကျေးဇူးတော်ကို ဖိတ်ခေါ်ပေးသည်၊ မာန်မာနမှာမူ ကျွန်ုပ်တို့ကို ထိပ်ဆုံးသော ရှုံးမိုက်သူဖြစ်စေသည် - ယာ၊၄း၆။ ဆာ၊၁၃၈း၆။ သု၊၂၉း၂၃။

C. ကျွန်ုပ်တို့သည် ဘုရားသခင်၏ တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်တော်၏ စည်းကျပ်ပေးခြင်းတွင် နှိမ့်ချရန်၊ နှိမ့်ကျနေရန်နှင့် ကျွန်ုပ်တို့၏အသက်တာနှင့် ဂရုစိုက်မှုတို့ကို ဘုရားသခင်အပေါ် တင်ထားရန် လိုလားဆန္ဒရှိရမည်ဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ချစ်နှစ်သက်စွာနှင့် သစ္စာရှိစွာ ဂရုစိုက်နေသောကြောင့်ဖြစ်သည် - ၁ပေ၊၅း၅-၇။ ညွှန်း၊ ဆာ၊၅၅း၂၂။

**IX. "ခပ်သိမ်းသောကျေးဇူးတော်၏ ဘုရားသခင်" - ယုံကြည်သူများကို ကိုယ်တော်၏ထာဝရဘုန်းတော်အထဲသို့ ခေါ်တော်မူသောအရှင် - သည် သူတို့၏ဒုက္ခဆင်းရဲခံခြင်းများမှတစ်ဆင့် သူတို့ကို စုံလင်စေသည်၊ တည်မြဲစေသည်၊ ခွန်အားပေးသည်၊ ရပ်တည်စေသည်။ ဤ"ခပ်သိမ်းသောကျေးဇူးတော်"မှာ "ဘုရားသခင်၏မှန်သော ကျေးဇူးတော်"ဖြစ်ပြီး၊ ထိုအထဲသို့ ယုံကြည်သူများသည် သူတို့ဝင်ရောက်ရမည့်၊ ရပ်တည်ရမည့် နေရာဖြစ်သည် - ၁ပေ၊၅း၁၀၊ ၁၂။**

**X. ဘုရားသခင်၏ မှန်သောကျေးဇူးတော်သည် ကျွန်ုပ်တို့၏ သခင်ဘုရားနှင့် ကယ်တင်ရှင် ယေရှုခရစ်ကို သိကျွမ်းခြင်းနှင့်အတူ တကွ ယုံကြည်သူများအား ယခုတွင်လည်းကောင်း၊ ထာဝရနေ့ရက်တိုင်အောင်လည်းကောင်း ကိုယ်တော်၏ဘုန်းတော်အထဲသို့ ကြီးထွားခြင်းရှိစေသည့် ကျေးဇူးတော်ဖြစ်သည်။ ဤအရာသည် တမန်တော်ပေတရု၏ ဩဝါဒစာ၌ နိဂုံးချုပ်စကားဖြစ်ပြီး၊ သူရေးသားခဲ့သမျှတို့မှာ ဘုရားသခင်၏ ကျေးဇူးတော်၏အရာ၊ ကျေးဇူးတော်၌၊ ကျေးဇူးတော်အားဖြင့်၊ ကျေးဇူးတော်မှတစ်ဆင့် ဖြစ်ကြောင်း ညွှန်ပြနေခြင်း ဖြစ်သည် - ၂ပေ၊၃း၁၈။**

*© 2021 Living Stream Ministry*